



**မှတ်စု**

**ကမ္ဘာ့ကုလသမဂ္ဂ နိုင်ငံအဆင့်အသင်း၏ ကျားမရေးရာအဖွဲ့**

**(United Nation Country Team Gender Theme Group)**

**အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့**

**"ပိုမိုကောင်းမွန်သောမြန်မာနိုင်ငံတော်အတွက် ဟန်ချက်ညီမှု -BalanceforBetterMyanmar" ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှု**

**၂၀၁၉ခုနှစ်၊ မတ်လ (၈) ရက်နေ့**

**နောက်ခံသမိုင်း**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ပထမဆုံးအကြိမ်အဖြစ် ၁၉၁၁ ခုနှစ်တွင် ကျင်းပခဲ့ပြီး၊ နှစ်စဉ် မတ်လ (၈) ရက်နေ့တွင် ကျင်းပလေ့ရှိသည်။ မတ်လ (၈) ရက်နေ့သည် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေးကဏ္ဍတို့တွင် အမျိုးသမီးတို့၏အောင်မြင်မှုများအတွက် ဂုဏ်ပြုကျင်းပပေးသည့် ကမ္ဘာလုံးဆိုင်ရာ နေ့တစ်ရက်လည်းဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးညီလာခံ (၄) ခုမှ အားကောင်း အောင်ပံ့ပိုးပေးထားပြီး ကြီးထွားလာသောနိုင်ငံတကာအမျိုးသမီးလှုပ်ရှားမှုများက နိုင်ငံရေးနှင့် စီးပွားရေး နယ်ပယ်များတွင် အမျိုးသမီးအခွင့်အရေးများနှင့် ပူးပေါင်းပါဝင်မှုတို့ကို ပံ့ပိုးပေးရန်အတွက် အထိမ်းအမှတ် နေရာတစ်ရပ်ကို ကူညီတည်ဆောက်ထားပြီးဖြစ်သည်။ ယင်းနေ့ကို ကျားမရေးရာမျှတမှုရေး အရှိန်မြှင့်တင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအဖြစ် မှတ်ယူထားသည်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ဟူသည် ဒေသတွင်းအဆင့်တွင်သာမက၊ ကမ္ဘာလုံးဆိုင်ရာအားဖြင့် စည်းလုံးမှု၊ အောင်ပွဲခံမှု၊ ထင်ဟပ်မှု၊ စည်းရုံး လှုံ့ဆော်မှုနှင့် လှုပ်ရှားဆောင်ရွက်မှုအားလုံးနှင့်ပတ်သက်လျက်ရှိသည်။

**ပိုမိုကောင်းမွန်သောမြန်မာနိုင်ငံတော်အတွက် ဟန်ချက်ညီမှု (BalanceforBetterMyanmar) ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှု**

ကမ္ဘာ့ကုလသမဂ္ဂကျားမရေးရာအဖွဲ့ (United Nations Gender Theme Group)သည် ကျားမရေးရာ ဟန်ချက်ညီသည့်ကမ္ဘာတစ်ရပ်တည်ဆောက်ရာတွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အတွက် "ခွင့်တူညီရေးစဉ်းစားလို့၊ စွမ်းရည် မြှင့်ရေးအလေးပေးဖို့၊ ပြောင်းလဲမှုကို ဖန်တီးစို့။" ဟူသည့်ကမ္ဘာလုံးဆိုင်ရာနှင့်

"BalanceForBetterMyanmar" social media campaign for the International Women's Day 2019 "Think Equal, Build Smart and Innovate for Change" was developed by the United Nations Gender Theme Group under UN Women overall leadership and coordination.

အမျိုးသားလုပ်ရှားမှုတွင် ပါဝင်ထားပြီး၊ ကမ္ဘာတိုင်းတွင် ကျားမရေးရာခွဲခြားမှု မရှိစေရေးနှင့် အမျိုးသမီးနှင့် မိန်းကလေးတို့အား စွမ်းဆောင်ရည်မြှင့်တင်မှုတို့ကို ပိုမိုမြင့်မားနိုင်သည့် ဆန်းသစ်နည်းလမ်းများဖြင့် လှုံ့ဆော်ပေးမည့် "ပိုမိုကောင်းမွန်သောမြန်မာ နိုင်ငံတော် အတွက် ဟန်ချက်ညီမှု (BalanceforBetterMyanmar)" ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှုတစ်ရပ်ကို ပြုလုပ်ပါသည်။ အမျိုးသမီးတို့၏ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် ကျားမရေးရာတန်းတူညီမျှမှုရည်မှန်းချက်များကို ရရှိရေးအတွက် လမ်းကြောင်းမှာ ဆန်းသစ်တီထွင်မှုပင်ဖြစ်သည်။ BalanceForBetter သည် ဆန်းသစ်တီထွင်မှုကို အရေးပါသည့် နည်းလမ်း တစ်ခုအနေဖြင့်အသုံးချ၍ တန်းတူညီမျှမှုမရှိခြင်းကိုစိန်ခေါ်ပြီး၊ လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ကျားမရေးရာ သာတူညီမျှမှုကို အရှိန်မြှင့်တင်မည်ဖြစ်သည်။

BalanceforBetterMyanmar ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှုကို မတ်လ (၄) ရက်နေ့တွင် စတင် မည်ဖြစ်၍၊ အဆင့်တိုင်းနှင့် ကမ္ဘာအားလုံးတွင် ဆန်းသစ်နည်းလမ်းများအသုံးပြုပြီး ကျားမရေးရာဟန်ချက်ညီမှု ရှိသည့် ကမ္ဘာကြီးဖြစ်ပေါ်လာရေးမြှင့်တင်ဆောင်ရွက်ရန်နှင့် လှုံ့ဆော်ရန်အလို့ငှာ တူညီမျှသည့် စုပေါင်း လုပ်ဆောင်မှုအခွင့်အလမ်းများကိုဖော်ဆောင်နိုင်ရေးအတွက် မတ်လ (၁၁) ရက်နေ့အထိ ပြုလုပ်မည်ဖြစ်သည်။ BalanceforBetterMyanmar ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှုသည် လူတစ်ဦး၊ အဖွဲ့အစည်း တစ်ရပ်၊ ခေါင်း ဆောင်များ၊ နာမည်ကြီးပုဂ္ဂိုလ်များ၊ စည်းရုံးလှုံ့ဆော်သူများနှင့် စည်းရုံးရေးသမားများအား ကျားမရေးရာတန်းတူ ညီမျှမှုကိုပိုမိုအားကောင်းအောင်ပံ့ပိုးပေးသည့် ထုတ်ဖော်ချက်များပြုလုပ်အောင် တိုက်တွန်းပေးမည်ဖြစ်ပြီး၊ ကျားမရေးရာသာတူညီမျှမှုအတွက် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုကြီးတွင် ပါဝင်ရန်အလို့ငှာ ဓါတ်ပုံ သို့မဟုတ် မိမိကိုယ်ကိုယ်ရိုက်ထားသည့်ဓါတ်ပုံတို့နှင့်တစ်ကွ ဖေ့စ်ဘုတ် သို့မဟုတ် တွစ်တာကဲ့သို့ ဆိုရှယ်မီဒီယာပေါ်တွင် တင်ပေးရန်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂကျားမရေးရာအဖွဲ့သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ "အမျိုးသမီးများ ဘဝ မြှင့်တင်ဖို့၊ ခွင့်တူညီရေးစဉ်းစားလို့၊ စွမ်းရည် မြှင့်ရေးအလေးပေးဖို့၊ ဆန်းသစ်နည်းလမ်းဖော်ထုတ်စို့။" နှင့် ၎င်း၏ BalanceforBetterMyanmar ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှုတို့နှင် လိုက်လျောညီထွေစွာပင် လှုပ်ရှား ဆောင်ရွက်သူအသီးသီးမှ အသုံးပြုနိုင်သည့် အထွေထွေဖော်ပြချက်စာရင်း တစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်သည်။

လူမှုကာကွယ်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုတို့ကို ရရှိရေး

- အမျိုးသမီးများ အထူးသဖြင့် မြန်မာနိုင်ငံရှိ ကျေးလက်နေအမျိုးသမီးများသည် လူမှုကာကွယ်မှုဆိုင်ရာလွှမ်းခြုံမှုတွင် ပိုမိုပါဝင်ခွင့်ရှိရမည်ဖြစ်သည်။
- ပြည်သူ့ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အဦးတို့ကို အသုံးပြုခွင့်ရရေးအတွက် အမျိုးသမီးတို့၏အခွင့်အရေးများကို မြှင့်တင်ပေးရန်အလို့ငှာ ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- အမျိုးသမီးတို့၏ စွမ်းဆောင်ရည်ပိုမိုမြှင့်တက်ရေးနှင့် ခေါင်းဆောင်မှုတို့ကိုမြှင့်တင်ရန် အတွက် လူမှုကာကွယ်ရေးတွင် ဆန်းသစ်သည့်မူဝါဒများကို ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။

ဆန်းသစ်တီထွင်မှုနှင့် နည်းပညာ

- ကမ္ဘာကြီးတွင် သိပ္ပံပညာရပ်ကို လိုအပ်ပြီး၊ သိပ္ပံပညာသည် အမျိုးသမီးတို့ကို လိုအပ်ပါသည်။
- ဆန်းသစ်တီထွင်မှုနှင့် နည်းပညာရပ်များက အမျိုးသမီးတို့၏လိုအပ်ချက်များကို ပြည့်မီစေရန် အလို့ငှာ ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- စီးပွားရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်မှုနှင့် ခေါင်းဆောင်မှု။
- စီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို ကျားမခွဲခြားမှုမရှိဘဲဟန်ချက်ညီစွာရယူနိုင်ရေးအတွက် ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- အမျိုးသမီးများအပေါ် ကန့်သတ်ရေးထက် စွမ်းဆောင်ရည်မြှင့်တင်ပေးရေးကို ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- တူညီသောအလုပ်အတွက် တူညီသောလုပ်ခလစာရရှိမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။
- အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ (လိင်ပြောင်းအမျိုးသား သို့မဟုတ် လိင်ပြောင်းအမျိုးသမီး တို့အပါအဝင်) မဟာခေါင်းဆောင်များ ဖြစ်နိုင်သည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။
- အစိုးရမူဝါဒများတွင် ကျားမရေးရာအခြေပြုရသုံးမှန်းခြေငွေစာရင်းကို ထည့်သွင်းရေးဆွဲရန် ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။

တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး

- အဆင့်အသီးသီး၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ညှိနှိုင်းဆွေးနွေးပွဲအားလုံးတွင် အမျိုးသားနှင့် အမျိုးသမီးများ တူညီစွာပါဝင်ခွင့်ရရှိရေးအတွက် ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- ရွေးကောက်ပွဲများတွင် အမျိုးသမီးကိုယ်စားလှယ်များ ပိုမိုများပြားစွာ နာမည်စာရင်းသွင်းခံရ ရေးကို ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- ဆုံးဖြတ်ချက်ချမှတ်သည့်ရာထူးများတွင် အမျိုးသားနှင့် အမျိုးသမီးတို့ တူညီစွာရှိနိုင်ရန်အလို့ ငှာ ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- ကျားမရေးရာအခြေပြုအကြမ်းဖက်မှုတို့အဆုံးသတ်ရန် ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။
- အမျိုးသမီးများ၏မြေပိုင်ဆိုင်မှုကို တူညီစွာရရှိရန်အလို့ငှာ ကျွန်ုပ်အနေဖြင့် တောင်းဆိုပါသည်။

ပညာရေးနှင့် ကျန်းမာရေး

- ပညာရေးကို ကျားမမခွဲတန်းတူညီမျှစွာ ရရှိနိုင်ရေးဘက်မှ ကျွန်ုပ်အနေဖြင့်ရပ်တည်ပါသည်။
- အမျိုးသားနှင့် အမျိုးသမီးတို့ တူညီသောအခွင့်အရေးများရရှိရန်အလို့ငှာ ကျွန်ုပ်အနေဖြင့် ပိုမို ကောင်းမွန်သည့် ကျန်းမာရေးစောင့်ရှောက်မှုမူဝါဒများကို ပုံဖော်မည်ဟုကတိကဝတ်ပြုသည်။
- အမျိုးသမီးများအတွက် ကျန်းမာရေးဆိုင်ရာနှင့် အခြားအခွင့်အရေးများကို ဦးစားပေးဖို့တောင်းဆိုပါသည်။ တောင်းဆိုချက်တွင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဆိုင်ရာ အခွင့်အရေးများလည်း ပါသည်။

"BalanceForBetterMyanmar" social media campaign for the International Women's Day 2019 "Think Equal, Build Smart and Innovate for Change" was developed by the United Nations Gender Theme Group under UN Women overall leadership and coordination.

- ကျား/မ အခြေပြု အကြမ်းဖက်မှု ခံစားခဲ့ရသူများ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်များအတွက် တရားရေး၊ လုံခြုံရေး၊ ကာကွယ်စောင့်ရှောက်မှု ရရှိရေး၊ နှင့် လူမှုရေးဝန်ဆောင်မှုများ ကဏ္ဍစုံဝန်ဆောင်မှုများ ရရှိရန်နှင့် လက်လှမ်းမှီနိုင်ရန် တောင်းဆိုပါသည်။
- ကျား/မရေးရာ တန်းတူညီမျှရေးနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ရပ်တန့်ရေးကို အမျိုးသမီးများနှင့်အတူ ရပ်တည်၍ အမျိုးသားများ၏ အသံပါဝင်ရေးကို လည်း တောင်းဆိုပါသည်။

လူမှုရေးဆိုင်ရာစံနှုန်းပြောင်းလဲမှုများ

- အမျိုးသမီးနှင့် မိန်းကလေးတို့က ဆောင်ရွက်ရပြီး အခကြေးငွေမရသည့် စောင့်ရှောက်မှု လုပ်ငန်းအလုပ်တာဝန်တို့ကို ပြန်လည်ခွဲဝေလုပ်ဆောင်ကြရေးအတွက် ကျွန်ုပ်တို့အနေဖြင့် တိုက်တွန်းဆော်သြပါသည်။
- ကျွန်ုပ်အနေဖြင့် အမျိုးသားနှင့် အမျိုးသမီးတို့အပေါ် ဖျက်လိုဖျက်ဆီးသဘောတရားရှိသည့် လူမှုရေးစံနှုန်းများကို ပြုပြင်ပြောင်းလဲရန်အတွက် ကတိကဝတ်ပြုပါသည်။
- ကျွန်ုပ်တို့သာ အပြော်အမြင်ရှိမယ်ဆိုရင် အမျိုးသမီးနှင့် မိန်းကလေးငယ်တွေဆိုတာ အတူပူးပေါင်းဆောင်ရွက်ဖို့ အရမ်းအားကောင်းတဲ့ ရင်းမြစ်တွေပါ။

ကုလသမဂ္ဂအတွင်း ကျား/မရေးရာ တန်းတူညီမျှရေး

- ကျား/မရေးရာ တန်းတူညီမျှရေးအတွက် စနစ်တစ်ခုလုံးကို ဖြန့်ကျက်လွှမ်းခြုံမှုရှိသော ဗျူဟာတစ်ရပ်ထားရှိကျင့်သုံးနေမှုသည် ကုလသမဂ္ဂအဖွဲ့၏ ရည်မှန်းချက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပါသည်။
- သမိုင်းတစ်လျောက်လုံးတွင်ပထမဆုံးအကြိမ်အဖြစ်ကုလသမဂ္ဂစနစ်၏ ထိပ်တန်း ခေါင်းဆောင် များနေရာတွင် ကျား/မရေးရာ အပြည့်အဝ တန်းတူညီမျှမှု ရရှိနေပြီ ဖြစ်ပါသည်။

**Balance For Better Myanmar လူမှုမီဒီယာစည်းရုံးလှုံ့ဆော်မှုတွင် မည်သို့ပါဝင်ရမည်နည်း။**

BalanceforBetterMyanmar ဆိုရှယ်မီဒီယာစည်းရုံးလှုံ့ဆော်မှုတွင်ပါဝင်ရန်အလို့ငှာ လူတစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်သည် စည်းရုံးလှုံ့ဆော်မှု၏အောက်ပါအမှတ်သညာများထဲမှတစ်ခု (**#BalanceforBetterMyanmar, #ThinkBuildInnovateMyanmar** သို့မဟုတ် **#WomensDay**) ကိုအသုံးပြု ပြီး BalanceForBetter၏ဖေ့စ်ဘုတ်ဘောင်ဖြင့် မိမိကိုယ်ကိုယ်ရိုက်ထားသည့်ဓါတ်ပုံတစ်ပုံ (Selfie) ကို ဖေ့စ်ဘုတ် သို့မဟုတ် တွစ်တာကဲ့သို့ ဆိုရှယ်မီဒီယာပေါ်တွင် ကျားမရေးရာတန်းတူညီမျှမှု အတွက် ဖော်ထုတ် ရေးသားချက်တစ်ရပ်ဖြင့်တွဲ၍ ရိုးရှင်းစွာတင်ပေးရမည်ဖြစ်သည်။ BalanceforBetter Myanmar ဆိုရှယ်မီဒီယာ စည်းရုံးလှုံ့ဆော်မှုမှ မတ်လ (၄) ရက်နေ့မှ (၁၁) ရက်နေ့အထိ လှုပ်ရှားမှုတွင်

လူတိုင်းပါဝင်ရန်နှင့် ကျားမရေးရာ တန်းတူညီမျှမှုကို ပိုမိုကောင်းမွန်စေမည့် ဆန်းသစ်နည်းလမ်းများအတွက် အကြံဉာဏ်များပြုလုပ်ရန် တိုက်တွန်း ထားပြီးဖြစ်သည်။

"BalanceForBetterMyanmar" social media campaign for the International Women's Day 2019 "Think Equal, Build Smart and Innovate for Change" was developed by the United Nations Gender Theme Group under UN Women overall leadership and coordination.